ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

## ဌာနဆိုင်ရာအမိန့်စာ

အကြောင်းအရာ။ **ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းများကိစ္စ။**

ရည် ညွှန်း ချက်။ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အစည်းအဝေး (၁/၂၀၁၅)။

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ (၂၃-၁-၂၀၁၅)နေ့တွင် ကျင်းပပြုလုပ်သော ဗဟို အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အစည်းအဝေး(၁/၂၀၁၅) ဆုံးဖြတ်ချက်အရ ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်လျှောက်ထားရာတွင် အောက်ပါအချက်များ လိုအပ် ပါကြောင်း အသိပေးအပ်ပါသည်။

(က) ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ(၅/၉၃)အရ လျှောက်ထားသူ၏ အချက် အလက်များနှင့် သိုလှောင်ရုံ၏ Good Storage Practice သတ်မှတ်ချက်များ ကိုက်ညီ ရန်၊ တရားဝင်ကိုယ်စားလှယ်ခန့်အပ်စာ Original နှင့် လုပ်ငန်းသဘောတူစာချုပ် မိတ္တူ မှန် တင်ပြရန်။

(ခ) လိုအပ်ပါက တရားဝင်ကိုယ်စားလှယ်ခန့်အပ်စာတွင် သက်ဆိုင်ရာ ဆေးဝါးပိုင်ရှင်/ ထုတ်လုပ်သည့်ကုမ္ပဏီနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံချက်လိုအပ်ပါကြောင်း။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထား သည့် ဆေးဝါးများကို တင်သွင်းခွင့်ပေးရာ၌ ဆေး၏အရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ ဆေးဝါးသိုလှောင်ရုံ၏ ထားသိုမှုစနစ် ဖြန့်ဖြူးမှုစနစ် သတ်မှတ်ချက်များပေါ်မူတည်၍ စိစစ်ထုတ်ပေး ပါသည်။

၃။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ကုမ္ပဏီအချင်းချင်းကိုယ်စားလှယ်ခန့် အပ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပတ်သက်သည့် အငြင်းပွားကိစ္စရပ်များနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက် ပေးမည်မဟုတ်ပါကြောင်းနှင့် ၎င်းကိစ္စနှင့် ပတ်သက်သည့် ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းများကို တားမြစ် ဆိုင်းငံ့ခြင်းများအတွက် ဆောင်ရွက်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

စာအမှတ်၊ အစဆ/ (ဆဝ) ၂၀၁၅/၁၃၅
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၆ )ရက်။
ဖြန့်ဝေခြင်း -

၁။ ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ။
၂။ ဥက္ကဋ္ဌ၊ ဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်း။
၃။ ညွှန်ကြားရေးမှူးချုပ်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန။